# ပန်းနာရင်ကြပ်ဝေဒနာသယ်များအတွက်ဂျီပီဆေးခန်းများမှနိုင်ငံတကာအဆင့်မီကုသမှုများပေးကြမည်

မတ်လ ၃ ရက်။ ။ ပန်းနာရင်ကြပ်ဝေဒနာခံစားနေရသော ဝေဒနာရှင်များအား ခေတ်မီကုသနည်းတစ်ရပ်ဖြစ်သော လေမှုတ်စွမ်းအားတိုင်းထွာသည့်ကိရိယာ (Peak Flow Meter) ကိုအသုံးပြုပြီး ထိရောက်သောဆေးဝါးကုသခြင်းများကို ရန်ကုန်မြို့ပေါ်ရှိ ဂျီပီဆေးခန်း ၅၀ မှ အထွေထွေရောဂါကုဆရာဝန်များက၊ ပြုလုပ်ပေးကြတော့မည်ဟုသိရှိရပါသည်။ အဆိုပါကိရိယာအသုံးပြုခြင်းဖြင့် ပန်းနာရင်ကြပ်ပြင်းထန်မှုအဆင့်ဆင့်ကိုသိရှိနိုင်မည်ဖြစ်ပြီး ဆေးကုသရာတွင်လည်းပြင်းထန်မှုအဆင့်ပေါ်လိုက်ကာ ထိရောက်သောကုသမှုများပေးနိုင်ကြမည်ဟုသိရှိရပါသည်။

ယနေ့ကာလတွင် အဆုတ်ထဲသို့ရင်ကြပ်ပျောက်ဆေးရှူသွင်းရသည့်ကုထုံးမျိုးကို ကမ္ဘာပေါ်ရှိပမာဏကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့်နေရာဌာနများ (ဂျီပီဆေးခန်းများ)တွင် ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလာနေကြပြီဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ်၊ အယ်လ်ပဆိုမြို့ တက္ကဆပ်တက်တက္ကသိုလ် (Texas Tech University )ကလေးကုပညာဌာမှ ပါမောက္ခဒေါက်တာ စတန်ထင် (Prof. Stanislau Ting ) ပေးပို့လှုဒါန်းလိုက်သော အဆိုပါလေမှုတ်စွမ်းအားတိုင်းကိရိယာများ (Peak Flow Meter)နှင့်လေရှူသွင်းပန်းနာ ဆေးနမူနာ (Belcomethasone Steroid Inhaler) များကို ပါမောက္ခ စတန်ထင်းကိုယ်စား ထွေ/ကု အဖွဲ့စည်းရုံးရေးမှူး ဒေါက်တာမြင့်ဦး (ဂျီပီ) မှ ထွေ/ကု အဖွဲ့ဒုဥက္ကဋ္ဌ ဒေါက်တာခိုင်စိုးဝင်း ထံသို့လွှဲပြောင်းပေးအပ်လိုက်ပြီးဖြစ်ပါသည်။ ရန်ကုန်မြို့တွင် ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ကုသနေကြသော ထွေ/ကုဆရာဝန် ၅၀ အား မတ်လ ၃ ရက်နေ့က၊ ထပ်ဆင့် လွှဲပြောင်းပေးအပ်သည့်အခမ်းအနားတစ်ရပ်ကို အထွေထွေရောဂါကုဆရာဝန်များအဖွဲ့တည်ရှိရာ မြန်မာနိုင်ငံဆရာဝန်အသင်း၌ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါလေမှုတ်စွမ်းအားတိုင်းကိရိယာများ (Peak Flow Meter)နှင့် လေရှူသွင်းပန်းနာ ဆေးနမူနာ (Belcomethasone Steroid Inhaler) များကို ကိုယ်ပိုင်ဆေးခန်းဖွင့်နေကြသော ထွေ/ ကုအဖွဲ့အလုပ်အမှုဆောင်များက ၄င်းတို့၏ဂျီပီဆေးခန်းများတွင်အသုံးပြုကြမည်ဟုသိရှိရပါသည်။

ကမ္ဘာ့လူဦးရေသန်း ၃၀၀သည် ပန်းနာရင်ကြပ်ရောဂါကိုနှစ်စဉ်ခံစားနေကြရပြီး၊ ၂ သိန်းခွဲခန့်နှစ်စဉ်သေဆုံးနေကြရသည်ဟုဆိုပါသည်။ သေဆုံးသူ ၈၀% မှာ ဝင်ငွေနည်းနိုင်ငံများမှဖြစ်နေကြပါသည်။ ၁၉၅၂ ခုနှစ်တွင်သတ်မှတ်ခဲ့သော ပန်းနာရင်ကြပ်ရောဂါ၏အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အသက်ရှူလေပြွန်များကျဉ်းမြောင်းသွားခြင်း (The presence of widespread narrowing of airways) ဟုဖွင့်ဆိုပြခဲ့သော်လည်း ယနေ့တိုးတက်သိရှိလာသောကာလတွင်ပြန်လည်ပြင်ဆင်လိုက်ကြပြီး အသက်ရှူလေပြွန်အတွင်းမျက်နှာပြင်များ၏နာတာရှည်ရောင်ရမ်းမှုဖြစ်စဉ် (A chronic inflammatory disorder of airways) ဟုသတ်မှတ်လာခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ကုသမှုဦးတည်ချက်များမှာလည်းပြောင်းလိုက်ပါလာကြရခြင်းဖြစ်သည်ဟုဆိုပါသည်။

ဓါတ်ပုံ။ ။ ပန်းနာရင်ကြပ်ဝေဒနာအတွက် လေမှုတ်စမ်းသပ်ကိရိယာ (Peak Flow Meteer)ကို ဂျီပီဆရာဝန်များစမ်းသပ်ကြည့်ရှုနေကြစဉ်။

